## ၆-ဒုတိယ မိတ္တသုတ်။ (AN 7.37)

## အင်္ဂုတ္တရနိကာယ်၊ ၄-ဒေဝတာဝဂ်၊

**၃၇။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်း** ရဟန်းကို မောင်းမဲနှင်ထုတ်အပ်သော်လည်း မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ခစားအပ်၏။
အဘယ်ခုနစ်မျိုးတို့နည်းဟူမူ —
ချစ်လည်း ချစ်ထိုက် မြတ်နိုးလည်း မြတ်နိုးထိုက်၏၊ အလေးအမြတ်လည်း ပြုထိုက်၏၊ နှလုံးကိုလည်းပွါးစေတတ်၏။ သူတစ်ပါးတို့ကို ဆုံးမတတ်၏၊ သူတစ်ပါးတို့ ဆိုဆုံးမသည်ကို ခံနိုင်၏၊ နက်နဲ သောတရားစကားကို ပြောဆိုတတ်၏၊ အရာဌာနမဟုတ်သည်၌ မယှဉ်စေတတ် (မတိုက်တွန်းတတ်)။
ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်း ရဟန်းကို မောင်းမဲနှင်ထုတ်အပ်သော်လည်း မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ခစားအပ်၏ဟု (မိန့်တော်မူ၏)။

အကြင်ရဟန်းသည် ချစ်ထိုက်၏၊ အလေးပြုထိုက်၏၊ နှလုံးကို ပွါးစေတတ်၏၊ (သူတစ်ပါးတို့ကို) ဆိုဆုံးမတတ်၏၊ ဆိုဆုံးမခြင်းကို ခံနိုင်၏၊ နက်နဲသောတရား စကားကို ပြောဟောတတ်၏၊ မလျောက်ပတ်သော အရာ၌ မယှဉ်စေတတ်။ အကြင်ပုဂ္ဂိုလ်၌ ထိုအကြောင်းတို့သည် ရှိကုန်၏၊ ထိုသို့သဘောရှိသော အကျိုး စီးပွါးကို အလိုရှိသောအစဉ်သနားတတ်သော အဆွေခင်ပွန်းကောင်းဖြစ်သော ထိုရဟန်းကို မောင်းမဲနှင်ထုတ်အပ်သော်လည်းအဆွေခင်ပွန်းကောင်းကို အလိုရှိသူ သည် မှီဝဲဆည်းကပ်အပ်၏။

ဆဋ္ဌသုတ်။